
# မွေးပြီးပထမအပါတ်အတွင်းမှာ ကလေး နို့ တစ်ခါစို့တဲ့ နို့ရည်ပမာဏက ဘယ်လောက်ရှိသလဲ။



## မွေးပြီးပထမအပါတ်အတွင်းမှာ ကျွန်မ ကလေး နို့တစ်ခါစို့ရင် နို့ရည်ဘယ်လောက်များများ လိုအပ်သလဲ။

- ပထမပိုင်းမှာ မေမေ့ရဲ့ကလေးဟာ နို့ရည်ပမာဏ အနည်းငယ်ကိုသာ လိုအပ်တယ်။ ပမာဏနည်းနည်းစီကို ခဏခဏ စို့ခြင်းအားဖြင့် ကလေးက နို့စို့ဖို့၊ မေမေကနို့တိုက်ဖို့ လေ့ကျင့်ခွင့်ရရှိတယ်။
- မွေးပြီး ပထမတစ်ရက်၊ နှစ်ရက်မှာ ကလေးဟာ နို့တစ်ခါစို့ရင် လက်ဘက်ရည်ဇွန်း ၁ ဇွန်း– ၁ ဇွန်းခွဲ ဒါမှမဟုတ် ဖန်ဂေါ်လီလုံးအရွယ်ပမာဏသာ စို့တယ်။
- ကလေးကြီးလာတာနဲ့အမျှ မေမေနို့ထွက်တာပိုများလာတယ်။
- ၁၀ ရက်မြောက်နေ့ရောက်ရင် ကလေးတစ်ခါ နို့စို့တဲ့အခါ ကြက်ဥအရွယ်ပမာဏလောက် စို့နိုင်လာတယ်။